# အခမဲ့ကာကွယ်ဆေးများ မည်သည့်နေရာ၌ ရရှိနိုင်သနည်း။



## သင့်၌ကျန်းမာရေးအာမခံရှိပါက-

- **ကျန်းမာရေးစောင့်ရှောက်ပေးသူ သို့မဟုတ် ဆေးဆိုင်ကို ဆက်သွယ်ပါ။**
  - တုပ်ကွေးနှင့် COVID-19 ကာကွယ်ဆေးများသည် ပုဂ္ဂလိကအာမခံ၊ Medi-Cal သို့မဟုတ် Medicare ရှိသူ အများစုအတွက် အခမဲ့ဖြစ်သည်။
  - RSV ကာကွယ်ဆေးအတွက် ကုန်ကျစရိတ်အကြောင်း သင်၏အာမခံကို မေးပါ။

## သင့်၌အာမခံမရှိပါက သို့မဟုတ် သင့်အာမခံက ကာကွယ်ဆေးများအတွက် ကုန်ကျစရိတ် မပေးပါက-

- **လူကြီးနှင့်ကလေးများသည် (မိသားစုတရားမျှတရေးစင်တာ) Family Justice Center တွင် အခမဲ့ COVID-19 နှင့် တုပ်ကွေးကာကွယ်ဆေးများ ရရှိနိုင်ပါသည်။**
- **လူကြီးများသည် (ရယူနိုင်မှုပေါင်းကူးအစီအစဉ်) Bridge Access Program မှတစ်ဆင့်လည်း COVID-19 ကာကွယ်ဆေးများ အခမဲ့ ရရှိနိုင်ပါသည်။**
  - **vaccines.gov** တွင် ဝင်ရောက်ကြည့်ရှုပါ၊ သို့မဟုတ် ကာကွယ်ဆေးပေးသည့် နေရာရှာရန် **1-800-232-0233** ကို ဖုန်းဆက်ပါ။
  - ရက်ချိန်းယူသည့်အခါ (ရယူနိုင် မှုပေါင်းကူးအစီအစဉ်၌ပါဝင်သူ) “Bridge Access Program Participant” အကွက်၌ ခလုတ်နှိပ်ကြောင်း သေချာစေပါ။
- **ကလေးများသည်လည်း (ကလေးများအတွက်ကာကွယ်ဆေးအစီအစဉ်) Vaccines for Children Program မှတစ်ဆင့်လည်း COVID-19 ကာကွယ်ဆေးများ အခမဲ့ ရရှိနိုင်ပါသည်။**
  - **eziz.org/vfc/provider-locations/** တွင် ဝင်ရောက်ကြည့်ရှုပါ။
- လောလောဆယ် ACPHD မှတစ်ဆင့် အခမဲ့ RSV ကာကွယ်ဆေးများ မရရှိနိုင်ပါ။

ALAMEDA COUNTY HEALTH CARE SERVICES AGENCY
PUBLIC HEALTH DEPARTMENT

**(510) 268-2101**

နောက်ထပ်အချက်အလက်များကို
**covid-19.acgov.org/vaccines**
တွင် ကြည့်ပါ၊ သို့မဟုတ် QR ကုတ်ကို ဖတ်ပါ။